# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆ ။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ခရီးသွားလုပ်ငန်း** ဆိုသည်မှာ ခရီးသွားလာခြင်းနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပေးသော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းတို့ ပါဝင်သည်။

(ခ) **ခရီးသွားလုပ်ငန်းအမျိုးအစား** ဆိုသည်မှာ အပန်းဖြေခရီးစဉ်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ လေ့လာခြင်းခရီးစဉ်၊ သဘာဝအခြေခံခရီးစဉ်၊ အဏ္ဏဝါခရီးစဉ်၊ ခြေလျင်တောင်တက်နှင့် စွန့်စားမှုခရီးစဉ်၊ တောလမ်းကားမောင်းပြိုင်ပွဲနှင့် ကားအပျော်စီးခရီးစဉ်၊ စက်ဘီးစီးခရီးစဉ်၊ မီးပုံးပျံခရီးစဉ်၊ ဘာသာရေးဆိုင်ရာခရီးစဉ်၊ အပျော်စီးသင်္ဘောခရီးစဉ်၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်၊ အားကစားအခြေပြုခရီးသွားလုပ်ငန်း၊ ကျန်းမာရေးအခြေပြုခရီးသွားလုပ်ငန်းများနှင့် အခြားခရီးသွားအခြေပြုလုပ်ငန်းများကို ဆိုသည်။

(ဂ) **ခရီးသည်** ဆိုသည်မှာ ရည်ရွယ်ချက် အမျိုးမျိုးဖြင့် မိမိတို့ နေထိုင်ရာဒေသမှ အခြားနေရာခရီးစဉ်ဒေသတစ်ခုခုသို့ ခရီးသွားသူကိုဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံအတွင်းသွားလာသော မြန်မာနိုင်ငံသား ခရီးသည်များ၊ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြားသား ခရီးသည်များနှင့် ပြည်ပသို့သွားရောက်သော မြန်မာနိုင်ငံသားခရီးသည်များလည်းပါဝင်သည်။

(ဃ) **ခရီးသည်တည်းခိုနေထိုင်ရန်နေရာ** ဆိုသည်မှာ ခရီးသည်တည်းခိုနေထိုင်နိုင်သော စီးပွားရေးအလို့ငှာ အခကြေးငွေဖြင့် တည်းခိုနေထိုင်သည့် နေရာကို ဆိုသည်။

(င) **ခရီးစဉ်** ဆိုသည်မှာ ခရီးစတင်ထွက်ခွာသည့် နေရာဒေသတစ်ခုမှ အခြားနေရာဒေသတစ်ခုသို့ ခရီးသွားလာရေးအတွက် စနစ်တကျရေးဆွဲထားသည့် အစီအစဉ်ကို ဆိုသည်။

(စ) **ခရီးစဉ်ဒေသ** ဆိုသည်မှာ ခရီးသည်များ သွားလာလည်ပတ်လေ့လာနိုင်သော နေရာဒေသကို ဆိုသည်။

(ဆ) **ခရီးလှည့်လည်ရေးလုပ်ငန်း** ဆိုသည်မှာ ခရီးသည်များတစ်နေရာမှ တစ်နေရာသို့ ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စွာ ပို့ဆောင်ခြင်း၊ တည်းခိုရန်နေရာစီစဉ်ပေးခြင်းနှင့် ဧည့်လမ်းညွှန်စီစဉ်ပေးခြင်းများကို ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကိုဆိုသည်။

(ဇ) **ဟိုတယ်လုပ်ငန်း** ဆိုသည်မှာ ခရီးသည်များ တည်းခိုရန် သတ်မှတ်ထားသော အခန်းအရေအတွက်နှင့် အဆင့်အတန်းတို့ရှိပြီး အစားအစာ၊ အဖျော်ယမကာနှင့် အခြားဝန်ဆောင်မှုများ စီစဉ်လုပ်ကိုင် ဖြည့်ဆည်းဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဈ) **တည်းခိုရိပ်သာလုပ်ငန်း** ဆိုသည်မှာ ခရီးသည်များအတွက် တည်းခိုရေးကိုသာ စီစဉ် ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် မိုတယ်လုပ်ငန်းနှင့် ဧည့်ဂေဟာလုပ်ငန်းတို့ ပါဝင်သည်။

(ည) **ဧည့်လမ်းညွှန်လုပ်ငန်း** ဆိုသည်မှာ ခရီးသည်များအား ခရီးစဉ်ဒေသများကို လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေးအတွက် စီးပွားရေးအလို့ငှာ စီစဉ်ဆောင်ရွက်ပေးသောလုပ်ငန်းကို ဆိုသည်။

(ဋ) **ခရီးသွားလုပ်ငန်းဆိုင်ရာအခြားဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းဟု သတ်မှတ်ပေးသည့်လုပ်ငန်းများကို ဆိုသည်။

(ဌ) **လိုင်စင်** ဆိုသည်မှာ ခရီးသွားလုပ်ငန်းတွင် ပါဝင်သည့် လုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်နိုင်ရန်အတွက် ဤဥပဒေအရ ထုတ်ပေးသောလိုင်စင်ကို ဆိုသည်။ ယင်းစကားရပ်တွင် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ဟိုတယ်လုပ်ငန်းလိုင်စင်၊ တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များပါဝင်သည်။

(ဍ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ဝန်ကြီး** ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနကို ဆိုသည်။

(တ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ခရီးသွားလုပ်ငန်းများကို စစ်ဆေးနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ထ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(ဒ) **ခရီးသွားလုပ်ငန်းကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ခရီးသွားလုပ်ငန်းဆိုင်ရာ ကော်မတီကို ဆိုသည်။

(ဓ) **ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလုပ်ငန်းကော်မတီကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စု နယ်မြေခရီးသွားလုပ်ငန်းကော်မတီလည်း ပါဝင်သည်။

(န) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ဝန်ကြီးဌာနများကို ဆိုသည်။

(ပ) **ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေအရ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုအတွက် ပုဂ္ဂလိကခရီးသွားလုပ်ငန်းကဏ္ဍကို ကိုယ်စားပြုသည့် ပုဂ္ဂလိက အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရေး အတွက်ထိရောက်သော ပြည်တွင်းပြည်ပ ဈေးကွက်မြှင့်တင်မှုများ ဆောင်ရွက်ခြင်းဖြင့် အထောက်အကူဖြစ်စေရန်၊

(ခ) ခရီးသွားလုပ်ငန်းဆောင်ရွက်သူနှင့် ခရီးသည်တို့၏ အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် ယင်းတို့၏ တာဝန်ဝတ္တရားများကို သိရှိလိုက်နာစေရန်၊

(ဂ) ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် လုံခြုံစိတ်ချရမှု ကို အာမခံနိုင်ရန်၊

(ဃ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန်၊

(င) ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင် အခွင့်အလမ်း နှင့် လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန်၊

(ဆ) ခရီးသွားလုပ်ငန်းကို အခြေပြု၍ ဒေသအလိုက် ဆက်စပ်စီးပွားရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံများ၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူထုအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဇ) ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနပြုလုပ်လေ့လာခြင်း၊ စာတမ်းများပြုစုခြင်းတို့ကို ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာ တက္ကသိုလ်များ၊ ခရီးသွားလုပ်ငန်းတွင် လက်တွေ့ပါဝင် ဆောင်ရွက်သူများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရန်။

## အခန်း (၃)

## အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်–

(က) အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် –

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတတစ်ဦး | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီး | ဒုတိယ ဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ | အဖွဲ့ဝင်များ |
| (၄) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် နေပြည်တော်ကောင်စီဝင် | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ ဝန်ကြီးချုပ် သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ဝန်ကြီး | အဖွဲ့ဝင် |
| (၆) | သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင်များ |
| (၇) | ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင် သုံးဦး | အဖွဲ့ဝင်များ |
| (၈) | ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ် သုံးဦး | အဖွဲ့ဝင်များ |
| (၉) | ဝန်ကြီးက တာဝန်ပေးအပ်သူတစ်ဦး သို့မဟုတ် အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |

(၁၀) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး

(ခ) ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောကိစ္စရပ်များကို ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံအတွင်း ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားမှုရှိနိုင်သည့် ဒေသများတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ လိုအပ်သည့် အစီအစဉ်များ ချမှတ်ပေးခြင်းဖြင့် ထိုဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝတို့ကို မြင့်တင်ဆောင်ရွက်ပေးခြင်း၊

(ဂ) ခရီးသွားလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများက တင်ပြလာသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဃ) ခရီးသွားလုပ်ငန်းဆိုင်ရာ ပင်မစီမံကိန်းများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံကိန်းများ ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ရေး လမ်းညွှန်ကြီးကြပ်ကွပ်ကဲခြင်း၊ ခရီးသွားလုပ်ငန်းကို အခြေပြု၍ ဒေသအလိုက် ဆက်စပ်စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်၊ ဒေသခံများ၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူထုအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(င) ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာများနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများထံမှ နည်းပညာအကူအညီနှင့် အခြားသောအကူအညီ ရရှိစေရေးအတွက် လိုအပ်သော မူဝါဒများ ချမှတ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(စ) ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာအခြေခံ ဥပဒေသများအတိုင်း လိုက်နာဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဓလေ့ထုံးစံများကို လေးစားလိုက်နာသော တာဝန်သိခရီးသွားလုပ်ငန်းတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာသော ခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်စေရန် မူဝါဒချမှတ်ခြင်း။

## အခန်း (၄)

## ခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီသည် –

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော ခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည် –

| | | |
|---|---|---|
| (၁) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ကောင်စီမှ ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးမှ ကိုယ်စားလှယ် တစ်ဦးစီ | အဖွဲ့ဝင်များ |
| (၄) | ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင် ငါးဦး | အဖွဲ့ဝင်များ |
| (၅) | ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀ဦး | အဖွဲ့ဝင်များ |
| (၆) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) ခရီးသွားလုပ်ငန်း ကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌ နှင့် တွဲဖက် အတွင်းရေးမှူး တို့ကို အဖွဲ့ဝင်များ အနက်မှ ရွေးချယ် တာဝန်ပေးအပ်နိုင်သည်။

(ဂ) ခရီးသွားလုပ်ငန်း ကော်မတီကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၇။ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဗဟိုကော်မတီက ချမှတ်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်ခြင်း၊

(ခ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်လမ်းညွှန် ခြင်း၊

(ဂ) ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မြန်မာနိုင်ငံ၏ ရေမြေသဘာဝအလှအပများ၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးအတွက် ခရီးသွားလုပ်ငန်းနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူ ဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(င) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်း များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(စ) ခရီးသွားလုပ်ငန်းများကို အဆင့်အတန်းသတ်မှတ်ပေးခြင်း၊ သတ်မှတ်အရည်အချင်း ပြည့်မီစေရန် တွန်းအားပေး ဆောင်ရွက်ခြင်းနှင့် အရည်အသွေး ကောင်းမွန်သူများကို ချီးမြှင့်ခြင်း၊

(ဆ) နိုင်ငံတစ်ဝန်း လက်ရှိလုပ်ငန်း ဆောင်ရွက်နေသော ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတစ်ဝန်း ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်၍ ခရီးသွားလုပ်ငန်းတိုးတက်စေရန် စီမံဆောင်ရွက်ခြင်း၊

(ဈ) ခရီးသွားလုပ်ငန်းဆောင်ရွက်သူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြလာပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခြင်း။

## အခန်း (၅)

## ခရီးသွားလုပ်ငန်း အမျိုးအစား သတ်မှတ်ခြင်း၊ လိုင်စင်ကြေးများ သတ်မှတ်ခြင်း နှင့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ဝန်ကြီးဌာနသည် -

(က) ခရီးသွားလုပ်ငန်း အမျိုးအစားများနှင့် လုပ်ငန်းလိုအပ်ချက်များ၊ စည်းကမ်းချက်များကို သတ်မှတ်ရမည်။

(ခ) လိုင်စင်ကြေးများ၊ လိုင်စင်အသစ် လဲလှယ်ကြေးများ၊ လိုင်စင်ဒဏ်ကြေးများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်ကြေးများကို ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရ မည်။

(ဂ) ခရီးသွားလုပ်ငန်းများ သတ်မှတ်ထားသည့် အရည်အသွေး ပြည့်မီခြင်း ရှိ မရှိ စစ်ဆေးနိုင်ရန် စစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

(ဃ) အများပြည်သူ သွားလာလည်ပတ်နိုင်သော ခရီးစဉ်များ ၊ ခရီးစဉ်ဒေသများကို ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

## အခန်း (၆)

## ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၉။ ခရီးသွားလုပ်ငန်းကော်မတီသည်-

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်-

(၁) နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ဥက္ကဋ္ဌ

(၂) ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် နေပြည်တော်ကောင်စီဝင်၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ဝန်ကြီး — ဒုတိယ ဥက္ကဋ္ဌ

(၃) သက်ဆိုင်ရာ အစိုးရဌာနမှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ် ခြောက်ဦး — အဖွဲ့ဝင်များ

(၄) ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင် တစ်ဦး — အဖွဲ့ဝင်များ

(၅) ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ဒေသခံ ကိုယ်စားလှယ် သုံးဦး — အဖွဲ့ဝင်များ

(၆) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီမှ ရုံးခွဲတာဝန်ခံ — အတွင်းရေးမှူး

(ခ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက တွဲဖက်အတွင်းရေးမှူးကို အဖွဲ့ဝင်များအနက်မှ ရွေးချယ်တာဝန် ပေးအပ်နိုင်သည်။

(ဂ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

## အခန်း (၇)

## ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၁၀။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဗဟိုကော်မတီမှ ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) လိုင်စင်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် လိုင်စင်စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံတစ်ခုခု ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့အတွက် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြင်ဆင်ခြင်း၊

(ဃ) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ လိုင်စင်လွှဲပြောင်းခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) လိုင်စင်ကို ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် လိုင်စင် ပျက်ပြယ်စေခြင်း၊

(စ) ခရီးစဉ်ဒေသအသီးသီးတို့တွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းနှင့် အရည်အသွေးမြင့်မားတိုးတက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုမည့် လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်

ကောင်စီ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊

(ဆ) ခရီးသည်များအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ လုံခြုံရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊ စိတ်အနှောင့်အယှက်မဖြစ်ရေး၊ စိတ်ကျေနပ်မှုရရှိရေးတို့ကို နှစ်ဖက် သဟဇာတ ဖြစ်စေရေးအတွက် ဒေသဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ခြင်း၊

(ဇ) ဤဥပဒေအရ ကောက်ခံရရှိသော လိုင်စင်ကြေးများ၊ လိုင်စင်အသစ် လဲလှယ်ကြေးများ၊ လိုင်စင်ဒဏ်ကြေးများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားသာမန်ရငွေများကို ဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရုံးခွဲများမှ ကောက်ခံစေ၍ သက်ဆိုင်ရာ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းစေခြင်း၊

(ဈ) လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်၍ တိုးတက်မှုအခြေအနေကို ခရီးသွားလုပ်ငန်း ကော်မတီသို့ တင်ပြခြင်း၊

(ည) ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ခြင်း၊

(ဋ) ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့်ဒေသများ တွင် နေအိမ်များ အပါအဝင်ဖြစ်သည့် ခရီးသည် တည်းခိုနေထိုင်ရန်နေရာများကို သတ်မှတ် ပေးခြင်း၊

(ဌ) ခရီးသည်များအတွက် ၎င်းတို့သွားရောက်လေ့ရှိသော ခရီးစဉ်ဒေသများအလိုက် လုံခြုံရေး၊ ရောဂါဖြစ်ပွားမှု၊ သဘာဝဘေးအန္တရာယ်အစရှိသည့် ကိစ္စရပ်များဆိုင်ရာ အသိပေးနှိုးဆော် ချက်များကို ထုတ်ပြန်ခြင်း၊

(ဍ) ခရီးသွားလုပ်ငန်းဆောင်ရွက်သူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲ များကို တင်ပြလာပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်း ဆောင်ရွက်ပေးခြင်း။

## အခန်း (၈)

## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၁၁။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီက ချမှတ်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများ၊ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ခရီးသွားလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်း စနစ်တကျ တိုးတက်လာစေရန် ပြည်တွင်း၊ ပြည်ပတွင် လေ့ကျင့်ပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊

(ဂ) ခရီးသွားလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ခရီးသွားလုပ်ငန်းများအနေဖြင့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများ ပေးနိုင်စေရေးအတွက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းဆောင်ရွက်ချက်များကို ဝန်ကြီးဌာနသို့ သုံးသပ်တင်ပြခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊

(ဇ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနပြုလုပ်လေ့လာခြင်း၊ စာတမ်း ပြုစုခြင်း၊

(ဈ) ခရီးသွားလုပ်ငန်းဆောင်ရွက်သူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြလာပါက သက်ဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လမ်းညွှန်မှု ပြုနိုင်ရန် တင်ပြခြင်း။

## အခန်း (၉)

## ဘဏ္ဍာငွေကြေး ရယူသုံးစွဲမှု

၁၂။ ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် -

(က) ဗဟိုကော်မတီမှ သဘောတူသည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ နှစ်စဉ် အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းဖော်ပြနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာ အကူအညီများရယူ၍ ဆောင်ရွက်နိုင်သည်။

## အခန်း (၁၀)

## ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၏ တာဝန် နှင့် အခွင့်အရေးများ

၁၃။ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများသည်-

(က) ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်များကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားခွင့် ရှိသည်။

(ခ) ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ခရီးသွားလုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာန၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ သို့မဟုတ် ဦးစီးဌာနသို့ တင်ပြခွင့်ရှိသည်။

၁၄။ ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများသည် –

(က) တာဝန်သိ၍ ရေရှည်တည်တံ့စေသော နည်းလမ်းဖြင့် လုပ်ကိုင်ရမည်။

(ခ) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို အလေးထား ဆောင်ရွက်ရမည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ဃ) ခရီးသည်များ၏ အခြေခံကျန်းမာရေး၊ လုံခြုံရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) ခရီးသည်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို ထိန်းသိမ်းကာကွယ်ရမည်။

(စ) တည်ဆဲဥပဒေများနှင့်အညီ ပေးဆောင်ရန်တာဝန်ရှိသော အခွန်အခများကို သက်ဆိုင်ရာဌာနများသို့ ပေးသွင်းရမည်။

(ဆ) လိုင်စင်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၁၁)**

## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း

၁၅။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းလုပ်ကိုင်မည့်သူသည်တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အခြားနည်းလမ်းဖြင့် ဖော်ပြထားခြင်းမရှိလျှင် လုပ်ငန်းစတင် အကောင်အထည်မဖော်မီ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံတစ်ခုခု ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့ ပြုလုပ်လိုပါက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသို့ သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။

၁၆။ ဤဥပဒေ မပြဋ္ဌာန်းမီက ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်မည့်သူသည် ဝန်ကြီးဌာနထံမှ အဆောက်အအုံ ဆောက်လုပ်ခြင်း ကြိုတင်ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါက ထပ်မံလျှောက်ထားရန် မလိုအပ်တော့ဘဲ လုပ်ငန်းလိုင်စင်ကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ ဆက်လက် လျှောက်ထားရမည်။

၁၇။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ပုဒ်မ၁၅ပါ ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြင်ဆင်ခြင်း ပြုနိုင်သည်။

## အခန်း (၁၂)
## လိုင်စင်

၁၈။ အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားတစ်ခုချင်းစီအတွက် ခရီးသွားလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည် -

(က) ခရီးလှည့်လည်ရေးလုပ်ငန်း၊

(ခ) ဟိုတယ်လုပ်ငန်း၊

(ဂ) တည်းခိုရိပ်သာလုပ်ငန်း၊

(ဃ) ဧည့်လမ်းညွှန်လုပ်ငန်း၊

(င) ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်း။

၁၉။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် လိုင်စင်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီးနောက်–

(က) ညီညွတ်ပါက လျှောက်ထားသူအား သတ်မှတ်ထားသော လိုင်စင်ကြေးကို ပေးဆောင်စေပြီး ကြန့်ကြာမှု မရှိစေဘဲ လိုင်စင်ထုတ်ပေးရမည်။

(ခ) မညီညွတ်ပါက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

၂၀။ လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) လိုင်စင်သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်။

(ခ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေပြီး လုပ်ငန်းလိုင်စင်ကို သက်တမ်းတိုး ဆောင်ရွက်ပေးရမည်။

၂၁။ လိုင်စင်သက်တမ်းသည် သုံးနှစ် ဖြစ်သည်။

၂၂။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက လိုင်စင်ရရှိပြီးဖြစ်သည့် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများသည် ရရှိထားသောလိုင်စင်ပါသက်တမ်း ကုန်ဆုံးသည်အထိ ဆက်လက်ဆောင်ရွက်နိုင်သည်။ လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်ဆောင်ရွက်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၃။ ခရီးသွားလုပ်ငန်း လိုင်စင်တစ်ရပ်ရပ်ရရှိထားသူသည် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်မှအပ အခြားခရီးသွားလုပ်ငန်း လိုင်စင်တစ်ရပ်ရပ်ကို အခြားသူတစ်ဦးတစ်ယောက်ထံ လွှဲပြောင်းလိုပါက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၄။ ပုဒ်မ ၂၃ အရ လိုင်စင်လွှဲပြောင်းရန် လျှောက်ထားချက်ကို လက်ခံရရှိသည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် လိုင်စင်လွှဲပြောင်း လက်ခံနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီး လွှဲပြောင်း ခွင့်ပြုခြင်း သို့မဟုတ် လွှဲပြောင်းခွင့်ပြုရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၅။ လိုင်စင်ရရှိသူသည် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ ပယ်ဖျက်ခြင်းခံရလျှင်ဖြစ်စေ လိုင်စင်ကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ ပြန်လည်အပ်နှံရမည်။

**အခန်း (၁၃)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း**

၂၆။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ထိုသူအားအောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ဃ) နာမည်ပျက်စာရင်းတင်သွင်းခြင်း။

၂၇။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခရီးသွားလုပ်ငန်းကော်မတီသို့ အယူခံဝင်ရောက်နိုင်သည်။

၂၈။ ပုဒ်မ ၂၇ အရ အယူခံဝင်ရောက်ခြင်းအပေါ် ခရီးသွားလုပ်ငန်းကော်မတီသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကချမှတ်သည့် အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၂၉။ ပုဒ်မ ၂၈ အရ ခရီးသွားလုပ်ငန်းကော်မတီက ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း (၁၄)**

**တားမြစ်ချက်များ**

၃၀။ မည်သူမျှ-

(က) လိုင်စင်မရှိဘဲ ဧည့်လမ်းညွှန်လုပ်ငန်းမပြုလုပ်ရ၊

(ခ) ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခြင်းနှင့် လက်ခံခြင်း မပြုရ၊

(ဂ) လိုင်စင်မရှိဘဲ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း သို့မဟုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းများ မပြုလုပ်ရ။

၃၁။ မည်သူမျှ ဤဥပဒေအရ ခွင့်ပြုချက်မရှိဘဲ အောက်ဖော်ပြပါ လုပ်ငန်းလိုင်စင် အသီးသီးအား လွှဲပြောင်းခြင်း၊ လက်ခံခြင်းမပြုရ-

(က) ဟိုတယ်လုပ်ငန်းလိုင်စင်၊

(ခ) တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်၊

(ဂ) ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းလိုင်စင်။

## အခန်း (၁၅)

## ပြစ်ဒဏ်များ

၃၂။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ် ရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ဂ)ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဂ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၆)

## အထွေထွေ

၃၇။ ဗဟိုကော်မတီ၊ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၌ အဖွဲ့ဝင်ဖြစ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သူများကို ဤဥပဒေပါလုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ်အတွင်း ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းအဖွဲ့ဝင်တို့သည် လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်အတိုင်း ခံစားခွင့်ရှိသည်။

၃၈။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်−

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ခရီးသွားလုပ်ငန်းကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

(ဂ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဃ) ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၄၀။ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၁၄/၉၃)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

( ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်